Message Three

## ဓမ္မဟောင်းရှိ ယောဘတွေ့ကြုံခဲ့သော ဘုရားသခင်၏ ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းမှာ ဓမ္မသစ်ရှိ ပေါလု၏အတွေ့အကြုံထက် များစွာ နောက်ကျကျန်နေခြင်း

ဖတ်ရန်ကျမ်း။ ။ ယောဘ၊၃း၁။ ၂ကော၊၄း၁၀-၁၂၊ ၁၆-၁၈။ ဖိ၊၁း၁၉-၂၅။ ၄း၄

**I. ယောဘသည် အဆုံးစွန်အထိ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်သောကရောက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း ရှိခဲ့သည်၊ အကြောင်းမှာ သူ၏စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်း ရှိစေကာမူ၊ သူ၏ပိုင်ဆိုင်မှုများနှင့် သူ၏သားသမီးများအပေါ် ကျရောက်ခဲ့သည့် ဘေးဒုက္ခများနှင့် သူ့ကိုယ်ခန္ဓာပေါ်မှ ကပ်ရောဂါဆိုးတို့ကို ခံစားရခြင်းကြောင့်ဖြစ်သည်။**

A. ယောဘသည် သူ၏မွေးဖွားသည့်နေ့ကို ကျိန်ဆဲသောအခါ ၎င်းမှာ သူ၏မိခင်ကို ကျိန်ဆဲခြင်းနှင့် ညီမျှသည်၊ သူသည် အမှန်ပင် စုံလင်ခြင်းမရှိ၊ ဖြောင့်မှန်ခြင်းလည်း မရှိသလို၊ သူ၏တည်ကြည်ခြင်းကိုလည်း ကိုင်စွဲခြင်း မရှိပေ။ ထိုအစား သူသည် တည်ကြည်ခြင်း၌ ချွတ်ခြုံကျသူဖြစ်လာခဲ့သည် - ယောဘ၊၃း၁။

B. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ဇာတိဆန်သော ယောဘကို သူ၏စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်း၌ ဖြိုချရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် အသစ်ပြုပြင်ခံရသော ယောဘကို ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်အင်လက္ခဏာ၌ တည်ဆောက်ပေးကာ၊ ယောဘအား ဘုရားသခင်၏လူ၊ ကိုယ်တော်၏စီမံကိန်းအတိုင်း ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့သောလူဖြစ်စေလိုသည်။ ထိုသို့သောလူ (ပေါလုကဲ့သို့သောသူ) သည် မိမိ၏မွေးဖွားခြင်းကို ကျိန်ဆဲခြင်း၊ အသက်ရှင်ဖို့ထက် သေရန်သာ အလိုရှိခြင်း ဖြစ်စေသည့် မည်သည့် ဒုက္ခနှင့် ပြဿနာကမျှ ရစ်တွယ်စေခြင်း မခံရပေ - ဖိ၊၁း၁၉-၂၅။ ၄း၅-၉။

C. ယောဘသည် သူ၏အကောင်းဆုံးသော အတိတ်တွင် တည်နေကာ၊ စိတ်မချမ်းမြေ့ဖွယ် လက်ရှိအခြေအနေအပေါ် သက်ပြင်းချ ညည်းညူနေခဲ့သည် (ယောဘ၊၂၉း၁-၃၀း၃၁)။ သူသည် မိမိ၏ဖြောင့်မှန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်းနှင့် စုံလင်ခြင်းကို အစဉ်တစိုက် ကိုင်စွဲခြင်း၊ ၎င်းတို့အပေါ် ဝါကြွားခြင်းကို ပြခဲ့လေသည် (၂၇း၁-၇။ ၃၁း၁-၄၀)။

1. မည်သို့ပင်ဆိုစေ၊ ပေါလုသည် အတိတ်က လွန်ခဲ့ပြီးသောအရာများကို မေ့ပစ်ကာ၊ လက်ရှိတွင် "ယနေ့ ခရစ်တော်"ကို အပြည့်ဝဆုံးအတိုင်းအတာအထိ ရရှိရန်အလို့ငှာ လေ့ကျင့်ခဲ့သည် - ဖိ၊၃း၈၊ ၁၃-၁၄။
2. ထို့မျှမက ပေါလုသည် မနေ့ကလူ မဟုတ်ဘဲ၊ ယနေ့၏ လူပုဂ္ဂိုလ်ဖြစ်သည် (ဟေဗြဲ၊၃း၇-၈၊ ၁၅။ ဆာ၊၉၅း၇-၈)။ ကျွန်ုပ်တို့သည် အနာဂတ်သို့ ကြိုတင်ကြည့်ရှုခြင်း မရှိသင့်သလို၊ အတိတ်ကိုလည်း နောက်ပြန်လှည့်ကြည့်ခြင်း မပြုသင့်ပေ။ ကျွန်ုပ်တို့သည် ယနေ့၏လူများဖြစ်ကြသည် (မ၊၆း၁၁၊ ၃၃-၃၄။ လု၊၁၉း၉-၁၀။ ၂၃း၄၃)။
3. ကျွန်ုပ်တို့ချစ်သော ခရစ်တော်သည် ယခုဖြစ်သော ခရစ်တော်၊ ယနေ့ဖြစ်သော ခရစ်တော်၊ ကောင်းကင်များ၌ ပလ္လင်ပေါ်မှ ခရစ်တော်၊ ကျွန်ုပ်တို့၏နေ့စဉ်ကယ်တင်ခြင်းနှင့် တစ်ချိန်ပြီးတစ်ချိန် မစမှုဖြစ်သော၊ မြေကြီးပေါ် ကောင်းကင်ဆိုင်ရာ အသက်တာကို အသက်ရှင်ရန် ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသော အရှင်ဖြစ်သည် - မ၊၂၈း၂၀။ ၁ပေ၊၁း၈။ ဟေဗြဲ၊၈း၂။ ၄း၁၄-၁၅။ ၇း၂၆။ ၂ကော၊၆း၂။ ရော၊၅း၁၀။
4. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ် အပြည့်အဝဖြစ်လာကြသောအခါ ကျွန်ုပ်တွင် ယနေ့ကို ရရှိကြလိမ့်မည်၊ အကြောင်းမှာ ထာဝရကာလရှိ နေ့ရက်တိုင်းသည် ယနေ့ဖြစ်သောကြောင့်တည်း။ ကျွန်ုပ်တို့၌ရှိသော တစ်ခုတည်းသောရက်မှာ ယနေ့ဖြစ်ပြီး၊ မနက်ဖြန် မဟုတ်ပါ။

D. ယောဘသည် သူ၏မိတ်ဆွေများထံ ရှစ်ကြိမ် စကားပြောခြင်းအားဖြင့် မိမိသည် အောက်ဖော်ပြပါ ဝိသေသလက္ခဏာများရှိသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ထုတ်ဖော်ပြသနေသည်။

1. ယောဘသည် မိမိကိုယ်ကို ဖြောင့်မတ်သောသူဖြစ်သည် (ယောဘ၊၆း၃၀။ ၉း၂၀။ ၂၇း၅-၆။ ၃၂း၁)။ သူသည် သူ၏ဇာတိဖြစ်ခြင်းရှိ အောင်မြင်မှုနှင့် ကြိုးပမ်းရယူခဲ့မှုများအားဖြင့် အမှောင်ချခံရကာ၊ သူဖြစ်လာခဲ့သည့်အရာဖြင့် ကျေနပ်ရောင့်ရဲခဲ့သည်၊

သို့သော် ဘုရားသခင့်ရှေ့တော်တွင် သူ၏စိတ်မချမ်းမြေ့ဖွယ်အခြေအနေကို သတိမမူမိဘဲ ဖြစ်နေသည် (ညွှန်း၊ ဖိ၊၃း၉။ ဗျာ၊ ၃း၁၇-၁၈)။

2. ယောဘသည် အမည်နာမ၌ ဘုရားသခင်ကို သိကျွမ်းခဲ့သော်လည်း၊ စစ်မှန်ခြင်း၌ သိကျွမ်းခဲ့ခြင်းမဟုတ်ပေ၊ သူသည် ဘုရားသခင်အားဖြင့် ပျော်ဝင်ပြည့်ဝခြင်း၊ ဘုရားသခင်ဖြင့် ဖြည့်ခြင်း၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ရန် ဘုရားသခင်ဖြင့် ရောနှောပေါင်းစည်းခြင်း မရှိခဲ့ပေ - ဆာ၊၉၂း၁၀။ ဝတ်၊၂း၄-၅။ ရော၊၈း၁၆။ ၂တိ၊၄း၂၂။ ၁ကော၊၆း၁၇။ ဧ၊၃း၁၉။ ၅း၁၈၊ ၂၆။ ဟေဗြဲ ၂း၁၀-၁၁။

3. ယောဘသည် ထာဝရကာလပတ်လုံး ဘုရားသခင်ကို အသက်ရှင်ရန်နှင့် ဘုရားသခင်ကို ထင်ရှားရန် ဘုရားသခင်၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်သည့် ယေရုရှလင်မြို့သစ်၏ သွင်ပြင်အချို့နှင့် လက္ခဏာအချို့ရှိသည်ဟူသော ညွှန်ပြသည့် မည်သည့်ဒြပ်သဘာဝကိုမျှ ပိုင်ဆိုင်ခြင်း မရှိခဲ့ပေ။ ဤအရာနှင့် ဆန့်ကျင်လျက်၊ ဘုရားသခင်၏နာမတော်၊ ယေရုရှလင်မြို့သစ်၏နာမနှင့် သခင်ဘုရား၏နာမသည် အောင်မြင်သောသူအပေါ်တွင် ရေးသားလျက်ရှိသည်၊ ယင်းမှာ ဘုရားသခင်ဖြစ်သည့်အရာ၊ ယေရုရှလင်မြို့သစ်၏ သဘောသဘာဝနှင့် သခင်ဘုရား၏ ပုဂ္ဂိုလ် စသည်တို့အားလုံးသည် အောင်မြင်သောသူအထဲသို့ ယူဆောင်ခံရကြောင့် ညွှန်ပြနေခြင်းဖြစ်သည် - ဗျာ၊၃း၁၂။

E. ယောဘ သာမက သူ၏မိတ်ဆွေများကပင် ဘုရားသခင်က သူ့ကို ဆက်ဆံဖြေရှင်းရခြင်း၏ အကြံအစည်ကို မသိခဲ့ကြပေ၊ တမန်တော်ပေါလုက ဓမ္မသစ်ယုံကြည်သူများထံ ကြေညာပေးခဲ့သည့်အတိုင်း ယုံကြည်သူများ ခံစားနေရသည့် ဖိစီးနှိပ်စက်ခံရမှုသည် သူတို့အဖို့ ထာဝရလေးလံသည့် ဘုန်းတော်ကို လုပ်ဆောင်ပေးကာ၊ ဘုန်းကြီးသောဘုရားသခင်သည် သူတို့အဖို့ အမြတ်ရရန်နှင့် ထာဝရကာလတိုင် မွေ့လျော်ဝမ်းမြောက်ရန် ဘုန်းအသရေရှိသော ဝေစုဖြစ်ပေသည် - ၂ကော၊၄း၁၇။

F. ယောဘနှင့် သူ၏မိတ်ဆွေများသည် နှိမ့်ချခြင်းဝိညာဉ်၌၊ ဆုတောင်းခြင်းဖြင့် သူတို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် ဘုရားသခင်ကို ရှာဖွေရန် အချိန်ယူကြမည်ဆိုလျှင် (ဟေရှာ၊၅၇း၁၅။ ၆၆း၂။ ကော၊၄း၂)၊ ဘုရားသခင်သည် အသစ်မွေးဖွားခံရသော၊ ပုံသဏ္ဍာန်ပြောင်းလဲသော၊ ဘုန်းထင်ရှားသော ခရစ်တော်၌ရှိသည့် သန့်ရှင်းသူကို သူတို့အား ပြသပေးနိုင်မည်ဖြစ်သည်၊ ၎င်းသည် ဇာတိလူနှင့် ဘာမျှ သက်ဆိုင်ခြင်းမရှိ၊ ဇာတိကောင်းမြတ်ခြင်းများဖြင့် မိမိကိုယ်ကို တည်ဆောက်ရန်လည်း မလိုအပ်ပေ။

G. ဤကောင်းကင်ဆိုင်ရာရူပါရုံသည် သူတို့ကို အချိန်ဖြုန်းတီးခြင်း၊ အနာတိုးပွားခြင်းနှင့် အချည်းနှီးသော ဆွေးနွေးငြင်းခုံခြင်း အစရှိသော မျက်စိကန်းသည့် အုပ်စုတစ်စုက အမှောင်ထဲတွင် စမ်းတဝါးဝါးဖြင့်ရှာနေခြင်းကို မှတ်တမ်းတင်ထားသည့် အခန်းကြီးသုံးဆယ့်ငါးခန်းရှိ အရာများမှ ကယ်တင်ပေးနိုင်ပါသည်။ သူတို့သည် ဘုရားသခင်အကြောင်းကို ပြောဆိုကြပြီး၊ သူတို့၏ ဝိညာဉ်ကိုလည်း ရည်ညွှန်းပြောဆိုခြင်း ပြုကြသည် (ယောဘ၊၃၂း၈)၊ သို့သော် သူတို့သည် ရှည်လျားလှသည့် ဆွေးနွေးငြင်းခုံခြင်းပြုသည့် သုံးကြိမ်စလုံး၌ သူတို့၏အသိဉာဏ်ကိုသာ လေ့ကျင့်ခဲ့ကြသည်၊ ထိုအစား သူတို့သည် ယောဘအတွက် ဆုတောင်းရန်နှင့် အချင်းချင်း မိတ်သဟာယဖွဲ့ရန် သူတို့၏ဝိညာဉ်ကို လေ့ကျင့်ခဲ့မည်ဆိုလျှင်၊ သူတို့အားလုံးသည် ဘုရားသခင်ကို ထိတွေ့နိုင်ပြီး၊ ဘုရားသခင်ကို သူတို့၏အသက်၊ အလင်းနှင့် ဝိညာဉ်ရေးရာမစမှုအဖြစ် ရရှိနိုင်လိမ့်မည်ဖြစ်သည်။

1. ကျွန်ုပ်တို့သည် နိုးကြားသောအုပ်စုများ ရရှိလိုလျှင် ယောဘစာစောင်ရှိ ဤဆွေးနွေးစကားပြောခြင်းများအားဖြင့် သတိပေးခြင်း ရှိရမည်ဖြစ်သည်။ ယောဘစာစောင်၌ ကျွန်ုပ်တို့တွေ့ရသည့် အုပ်စုသည် အနုတ်လက္ခဏာ ဥပမာကို ကျွန်ုပ်တို့ထံ ပေးထားသည်။ ဤသို့သော အုပ်စုအစည်းအဝေးမျိုးသည် ယနေ့ အသင်းတော်အသက်တာတွင် ကျွန်ုပ်တို့၌မရှိသင့်သည့်အရာဖြစ်သည်။ ကျွန်ုပ်တို့အတူတကွ စုဝေးရောက်ရှိလာကြသည့်အခါ ပထမဦးဆုံး ကျွန်ုပ်တို့ပြုရမည့်အရာမှာ ဆုတောင်းရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းဖြစ်သည်။ နိုးကြားသောအုပ်စုများသည် နိုးကြားသောဆုတောင်းခြင်းအုပ်စုများ ဖြစ်သည် - ညွှန်း၊ တ၊၁၂း၅၊ ၁၁-၁၂။ ဟေဗြဲ၊၁၀း၂၄-၂၅။ ၃း၁၃။

2. အုပ်စုများသည် ဤဝိညာဉ်နှစ်ခု၌ နိုးကြားခြင်း ရှိကြသည် - ယင်းတို့မှာ လူသားဝိညာဉ်၌ နိုးကြားခြင်းနှင့် ဘုရားသခင်၏ ဘုရားဆိုင်ရာဝိညာဉ်တော်၌ နိုးကြားခြင်းတို့ဖြစ်သည်။ ခရစ်ယာန်အသက်တာသည် ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသော ဝိညာဉ်၌ တစ်ဝိညာဉ်တည်းဖြစ်ရန် ကိန်းဝပ်ကာ၊ ရောနှောပေါင်းစည်းနေသည့် သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံ

ခြင်းအဖြစ် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်၏အသက်တာဖြစ်သည် - ယော၊၄း၂၄။ ရော၊၈း၁၆။ ၁ကော၊၆း၁၇။ ဂလ၊ ၃း၁၄။ ၆း၁၈။

3. ကျွန်ုပ်တို့၏ဝိညာဉ်၌ ဘုရားဆိုင်ရာဝိညာဉ်တော်ကို ထိတွေ့ရန် သင်ယူဖို့လိုအပ်သည်။ ဤသည်မှာ ခရစ်ယာန်အသက်တာနှင့် အလုပ်၏ ပင်ကိုမူလ ပုံဆောင်ချက်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏စီမံကိန်း၊ ကိုယ်တော်၏အကြံအစည်တော်ကို ပြည့်စုံစေရန် လူ၌ ဘုရားသခင်၏လှုပ်ရှားမှုနှင့် ဘုရားသခင်၌ လူ၏လှုပ်ရှားမှု ဖြစ်ကာ၊ ယင်းမှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ဝိညာဉ်တော်အဖြစ် လူအထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်းငှာ ကိုယ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်နှင့် ကိုယ်တော်၏သတို့သမီးကို ပြင်ဆင်ရန်အတွက် ဖြစ်သည် - ၂ကော၊၂း၁၃။ ဖိ၊၃း၃။ ရော၊ ၁း၉။

4. ပေါလုက ရောမစာစောင်၌ ကျွန်ုပ်ဖြစ်ခြင်းရှိသမျှ (၂း၂၉။ ၈း၅-၆၊ ၉)၊ ကျွန်ုပ်တို့၌ ရှိသမျှ(အငယ်၊၁ဝ၊ ၁၆)၊ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ပြုသမျှ (၁း၉။ ၇း၆။ ၈း၄။ ၁၂း၁၁) တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဖြစ်ရမည်ဖြစ်ကြောင်း အလေးပေးပြောထားသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ရှိသော ပုဂ္ဂိုလ်များအဖြစ် စုံလင်ခြင်းခံကာ၊ တည်ဆောက်ခံရမည်။ ဘုရားသခင်ကို ချစ်သောသူ၊ ခရစ်တော်ကို ရှာဖွေသောသူ သို့မဟုတ် အောင်မြင်သောသူဖြစ်ရန်မှာ ဝိညာဉ်၌ရှိခြင်းထက် အခြားသော နည်းလမ်းမရှိပါ (ဗျာ၊၁း၁ဝ။ ၄း၂။ ၁၇း၃။ ၂၁း၁ဝ)။

## II. ဓမ္မဟောင်းရှိ ယောဘတွေ့ကြုံခဲ့သော ဘုရားသခင်၏ ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းမှာ ဓမ္မသစ်ရှိ ပေါလု၏အတွေ့အကြုံထက် များစွာ နောက်ကျကျန်နေခဲ့သည် - ၁တိ၊၁း၁၆။

A. ဘုရားသခင်၏ကုန်ဆုံးစေခြင်းသည် ကျွန်ုပ်တို့ကို ပင်ပန်းနွမ်းလျစေပြီး၊ ဘုရားသခင်၏ချွတ်ခွာပေးခြင်းမှာ ခရစ်တော်ကို ထင်ရှားခြင်းငှာ ခရစ်တော်ကို ကျွန်ုပ်တို့အသက်ရှင်ထွက်ခြင်းအား အစားထိုးနေသည့် ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာတည်ကြည်ခြင်း စုစုပေါင်း - ကျွန်ုပ်တို့၏ ဇာတိစုံလင်ခြင်းနှင့် အကျင့်စာရိတ္တ၌ ဖြောင့်မှန်ခြင်း - ကို ဖြိုချကာ ဖယ်ရှားပေးသည် - ဖိ၊၁း၁၉-၂ဝ။ ၃း၄-၉က။

B. တစ်နေ့ပြီးတစ်နေ့၊ တစ်နာရီပြီးတစ်နာရီ ယောဘသည် ပျော်ရွှင်မှုမရှိဘဲ ကုန်ဆုံးစေခြင်းခံရနေရသည်၊ သို့သော် ဓမ္မသစ်တွင်မူ ဘုရားသခင်၏ ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းသည် နှစ်လိုဖွယ်သောအရာဖြစ်လာသည်။ ပေါလုသည် ပြောင်းလဲခဲ့သည့်နေ့မှစ၍ သူသည် သခင်ဘုရား၌ အကျဉ်းသားအဖြစ် ဘုရားသခင်၏ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းအောက်တွင် ရှိသောပုဂ္ဂိုလ်ဖြစ်လာခဲ့သည်၊ သို့သော် သူသည် ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်းဖြင့် ပြည့်ဝနေခဲ့သည် - တ၊၉း၁၅-၁၆။ ၂ကော၊၄း၁၆။ ဖိ၊ ၁း၁၉-၂၁က။ ဧ၊၃း၁။ ၄း၁။ ဖိ၊၁း၄၊ ၁၈၊ ၂၅။ ၂း၂၊ ၁၇-၁၈၊ ၂၈-၂၉။ ၃း၁။ ၄း၁၊ ၄။

C. ပေါလုသည် ခရစ်တော်နှင့်အတူ အသေခံခဲ့ပြီးဖြစ်သည်။ အဆုံးသတ်ခြင်းနှင့် မွေးဖွားလာခြင်းမှတစ်ဆင့် အသစ်မွေးဖွားခြင်းသည် အသစ်မွေးဖွားသော အသေခံခြင်းဖြစ်သည် (ယော၊၃း၅။ ရော၊၆း၄။ ကော၊၂း၁၂)။ ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည် အသစ်မွေးဖွားသော အသေခံခြင်းရှိကြသည်၊ ယင်းမှာ ထိုအချိန်မှစ၍ ကျွန်ုပ်တို့အသက်သည့်အရာမှာ ကျွန်ုပ်တို့မဟုတ်ဘဲ၊ ကျွန်ုပ်တို့၌ ခရစ်တော်အသက်ရှင်နေခြင်း ဖြစ်လာရန် ရည်ရွယ်ချက်အတွက်ဖြစ်သည် (ဂလ၊၂း၂ဝ)။

D. ယခု ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ၌ ကျွန်ုပ်တို့သည် အသက်ရှင်ရန် အသေခံနေကြသည် (အငယ်၊၂ဝ။ ၁ကော၊၁၅း၃၁၊ ၃၆။ ယော၊၁၂း၂၄။ ၂ကော၊၄း၁၁)။ အသက်ရှင်ရန် အသေခံခြင်းမှာ ကားတိုင်ကို ထမ်းခြင်း၏ မှန်ကန်သင့်လျော်သည့် အဓိပ္ပာယ်ဖြစ်သည် (မ၊၁၆း၂၄-၂၆။ ဓမ္မသီချင်း - ၆၂၂)။

E. ဘုရားသခင်၏ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းကို တွေ့ကြုံခံစားခြင်း၌ ပေါလုသည် နည်းလမ်းမျိုးစုံမှ ဖိနှိပ်မှုများအောက်တွင် တင်းကျပ်စေခြင်း မခံရသလို၊ နှင်ထုတ်ခြင်းခံရသော်လည်း ပျက်စီးခြင်းသို့ မရောက်ခဲ့ပေ။ ပေါလုသည် သူ၏မွေးဖွားသည့်နေ့ရက်ကို ကျိန်ဆဲခြင်းမရှိပါ၊ အသက်ရှင်သည်ထက် သေရန်သာ ပို၍ နှစ်သက်သည်ဟူ၍လည်း မပြောခဲ့ပါ။ ဆန့်ကျင်ဖက်အနေဖြင့် များစွာ စဉ်းစားဆင်ခြင်မှုပြုပြီးနောက် ပေါလုက သူသည် သန့်ရှင်းသူများ၏ တိုးတက်မှု (အသက်၌ သူတို့၏ကြီးထွားမှု)

အတွက်သော်လည်းကောင်း၊ ယုံကြည်ခြင်းကို သူတို့ဝမ်းမြောက်မှု (ခရစ်တော်ကို သူတို့၏မွေ့လျော်ဝမ်းမြောက်မှု)အတွက်သော် လည်းကောင်း အသက်ရှင်ရန် ပို၍နှစ်သက်လိုလားကြောင်း ပြောခဲ့သည် - ၂ကော၊၁း၈-၉။ ဂလ၊၂း၂ဝ။ ဖိ၊၁း၂၁-၂၅။

F. ပေါလုသည် ခရစ်တော်၏အကျိုးအလို့ငှာ ဒုက္ခဝေဒနာများ ခံစားရသောအခါ (၂ကော၊၁၂း၁ဝ)၊ သူသည် နှစ်သက်အားရခြင်းရှိကာ၊ ဝမ်းမြောက်ပျော်ရွှင်လျက် ရှိပြီး၊ သူ၏အတွေ့အကြုံများအတွက် သခင်ဘုရား၌ ဝမ်းမြောက်ရွှင်လန်းခြင်း ရှိခဲ့သည် (ကော၊၁း၂၄။ ဖိ၊၂း၁၇-၁၈)။

G. ပေါလုသည် ခရစ်တော်ကို သိကျွမ်းရန်၊ ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုးကို သိရန်၊ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဍာန်တူရန်အလို့ငှာ ကိုယ်တော်၏ဒုက္ခဆင်းရဲခံခြင်းများကို မိတ်သဟာယဖွဲ့ရန် အလိုရှိခဲ့သည် (၃း၁ဝ)။ သူသည် ခရစ်တော်၏အသေခံခြင်းကို သူ့အသက်တာအဖို့ ပုံစံခွက်အဖြစ် ယူဆောင်ကာ၊ ခရစ်တော်၏ အသေခံခြင်း၌ ပုံစံသွင်းခံရခြင်းမှ သူ၏ကြီးစွာသော နှစ်သက်အားရမှု ဖြစ်ခဲ့သည်။

H. ပေါလုသည် ယေရှုခရစ်၏ ဝိညာဉ်တော် ကြွယ်ဝစွာ မစပေးခြင်းအားဖြင့် အသက်ရှင်ခြင်းဖြင့် ဖြစ်စေ၊ သေခြင်းဖြင့် ဖြစ်စေ ကိုယ်တော်ကို အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်ကို ကြီးမားထင်ရှားစေခဲ့သည်။ ဘုရားသခင်သည် လူကို ဖန်ဆင်းသောအခါ ဤအရာသည် လူက အသက်ရှင်ရမည့်အသက်တာအဖြစ် ကိုယ်တော်အလိုတော်ရှိသည့်အရာဖြစ်သည် -၁း၁၉-၂၁က။ က၊၁း၂၆။

I. ပေါလုက သူသည် ယေရှု၏ အသေသတ်ခံခြင်း၊ သေစေခြင်းကို ကိုယ်ခန္ဓာ၌ အမြဲယူဆောင်ခဲ့ကြောင်း၊ သူ၏သေတတ်သော အသွေးအသား၌ ယေရှု၏အသက်သည် ကြီးမားထင်ရှားစေခြင်းအလို့ငှာ သေခြင်းသို့ အစဉ်အပ်နှံခံရကြောင်း ပြောခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား အသေခံခြင်း၏ သေစေခြင်းအောက်တွင် ရှိသောအခါ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်သည် ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများအထဲသို့ ထည့်သွင်းပေးဝေခြင်း ရှိလေသည် - ၂ကော၊၄း၁ဝ-၁၂။

1. ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ယေရှု၏ သေစေခြင်းသည် ကိန်းဝပ်နေသော ဝိညာဉ်တော်နှင့် ပူးပေါင်း၍ ကျွန်ုပ်တို့၏ခန္ဓာနှင့် ကျွန်ုပ်တို့၏စိတ်တို့ဖြင့် ဖွဲ့စည်းထားသည့် ကျွန်ုပ်တို့၏ဇာတိလူ (ကျွန်ုပ်တို့၏အပြင်လူ)ကို သေစေသည်။ ကျွန်ုပ်တို့၏အပြင်လူသည် သေခြင်း၏ သေစေခြင်းအလုပ်အားဖြင့် ကုန်ဆုံးစေခြင်းခံရစဉ် ကျွန်ုပ်တို့၏အတွင်းလူသည် ရှင်ပြန်ထမြောက်ခြင်းအသက်၏ သစ်လွင်လန်းဆန်းသော မစမှုအားဖြင့် တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခံရသည် - အငယ်၊၁၆။
2. ပေါလုက သူသည် နေ့စဉ် အသေခံခဲ့သည်ဟု ပြောခဲ့သည် (၁ကော၊၁၅း၃၁)။ နေ့စဉ်တိုင်း သူသည် သေခြင်းကို တွေ့ကြုံခဲ့သည်၊ သေခြင်းကို ရင်ဆိုင်ခဲ့သည်၊ အတ္တကို သေစေခဲ့သည် (၂ကော၊၁၁း၂၃။ ၄း၁၁။ ၁း၈-၉။ ရော၊၈း၃၆)။
3. ခရစ်တော်၏အသေခံခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုကို လက်တွေ့ယူဆောင်ခြင်းမှာ ပေါင်းစည်းထားသော ဝိညာဉ်တော်၌ ရှိပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်ကာ၊ ခရစ်တော်၏အသေခံခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုကို ကျွန်ုပ်တို့၏ဝိညာဉ်မှ ကျွန်ုပ်တို့၏စိတ်သို့သာမက ကျွန်ုပ်တို့၏သေတတ်သော ကိုယ်ခန္ဓာသို့တိုင် ဝေငှဖြန့်ဖြူးပေးနေသည် - ထွ၊၃ဝး၂၂-၂၅။ ရော၊၈း၆၊ ၉း၁၁။
4. ဤဝေငှဖြန့်ဖြူးခြင်းသည် ဘိသိက်ပေးခြင်းဖြစ်ပြီး (၁ယော၊၂း၂ဝ၊ ၂၇)၊ ဘိသိက်ပေးခြင်းသည် ကိန်းဝပ်နေသော ဝိညာဉ်တော်၏ လှုပ်ရှားမှုဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းက ကိန်းဝပ်နေသော ဝိညာဉ်တော်၏ လှုပ်ရှားမှုကို လှုံ့ဆော်ရှင်သန်စေကာ၊ ဤလှုပ်ရှားမှုအတွင်း၌ သေစေသော တန်ခိုး ပါဝင်နေသည်။

J. ပေါလုသည် ဘုရားသခင်၏ကုန်ဆုံးစေခြင်းနှင့် ချွတ်ခွာပေးခြင်းကို တွေ့ကြုံခံစားရခြင်း၌ သူက ကျွန်ုပ်တို့၏ ယာယီမျှသာဖြစ်သော ပေါ့ပါးသည့် ဒုက္ခဆင်းရဲခြင်းသည် ကျွန်ုပ်တို့အဖို့ အတိုင်းထက်အလွန် ထာဝရလေးလံသော ဘုန်းအသရေကို လုပ်ဆောင်ပေးနေကြောင်း ပြောခဲ့သည်။ *ထာဝရ* ဟူသည်မှာ *ယာယီမျှသာဖြစ်ခြင်း* နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ *လေးလံခြင်း* သည် *ပေါ့ပါးခြင်း* နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ၊ *ဘုန်းအသရေ* သည် *ဒုက္ခဆင်းရဲခံခြင်း* နှင့် ဆန့်ကျင်ဘက်ဖြစ်သည် - ၂ကော၊၄း၁၆-၁၇။ ရော၊၈း၂၈-၂၉။

K. ယောဘက သူ၏ဒုက္ခဆင်းရဲခံစားရခြင်းကို အလွန်လေးလံလှသော တစ်စုံတစ်ရာအဖြစ် မှတ်ယူခဲ့သည်၊ သို့သော် ပေါလုက သူ၏ဒုက္ခဆင်းရဲခံခြင်းသည် ယာယီဖြစ်သော၊ ပေါ့ပါးသောအရာအဖြစ် မှတ်ယူခဲ့သည်။ ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲခံခြင်းကို ဂရုစိုက်ရမည့်အစား ကျွန်ုပ်တို့သည် ဘုန်းအသရေအဆင့် တစ်ခုမှ နောက်တစ်ဆင့်သို့ ကျွန်ုပ်တို့ပုံသဏ္ဍာန်ပြောင်းလဲခံခြင်းအားဖြင့် ကျွန်ုပ်

တို့အတွင်း၌ လေးလံသော ဘုန်းအသရေအဖြစ် ဘုရားသခင်၏တိုးပွားခြင်းကို ဂရုစိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ပမာဏ များများရှိနေသရွေ့ ဤအရာသည်သာ အရေးကြီးသည့်အကြောင်းအရာဖြစ်သည် - တ၊၇း၂။ ၂ကော၊၃း၁၈။ ကော၊၂း၁၉။

1. ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခံခြင်းနှင့် ဖိနှိပ်မှု ပတ်ဝန်းကျင်တွင် ဝိညာဉ်တော်က ကျွန်ုပ်တို့၏ဇာတိလူကို သေစေရန် လုပ်ဆောင်ခြင်း၌ ရှိနေကြသည်။ ကျွန်ုပ်တို့သည် ကိန်းဝပ်နေသော ဝိညာဉ်တော်နှင့်ပူးပေါင်းကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်၊ စိတ်နှင့် ခန္ဓာရှိ အပြင်ပိုင်း ပတ်ဝန်းကျင်အခြေအနေကို လက်ခံရမည်ဖြစ်သည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် မြင်ရသော ယာယီဖြစ်သည့် ဒုက္ခဆင်းရဲခံခြင်းကို မမှတ်ဘဲ၊ မမြင်ရသော ထာဝရဘုန်းအသရေ၏ အရာများကိုသာ အလေးထားကြသောကြောင့် ဖြစ်သည် - ဖိ၊၁း၁၉-၂၀။ ၂ကော၊၄း၁၈။ ဟေဗြဲ၊၁၁း၁၊ ၂၇။ ၂ကော၊၅း၇။
2. ကျွန်ုပ်တို့သည် သေစေခြင်း ပတ်ဝန်းကျင်အလယ်တွင် ရှင်လန်းဝမ်းမြောက်ရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ဖို့ လိုအပ်သည် (ဖိ၊၄း၄)။ သခင်ဘုရား၏အုပ်စိုးဦးဆောင်မှုက ကျွန်ုပ်တို့ကို ခရစ်တော် အသေခံခြင်း၏ သေစေခြင်းအောက်တွင် ထားရှိရန် ပြုပြင်လုပ်ဆောင်နေသည်၊ သို့မှသာ ကိုယ်တော်၏ အသက်တော်သည် ကျွန်ုပ်တို့ကို ယေရုရှလင်မြို့သစ်ကဲ့သို့ သစ်လွင်စေခြင်းငှာ ကျွန်ုပ်တို့၏အတွင်းလူကို အသစ်ပြုပြင်ခြင်း၌ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာတွင် ထင်ရှားပေါ်လွင်လာနိုင်မည်ဖြစ်သည် (၂ကော၊၄း၁၀-၁၂၊ ၁၆။ ၅း၁၇။ ဂလ၊၆း၁၅။ ဗျာ၊၂၁း၂၊ ၅၊ ၁၀)။

*© 2020 Living Stream Ministry*